

(ဒီဇင်ဘာ ၂၁ ရက်မှအဆက်)

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

မင်းဇထူး

## ကောင်းမွန်သော အုပ်ချုပ်ရေးအတွက် မည်ကဲ့သို့ကူညီနိုင်သလဲ

ကမ္ဘာလွှမ်းခြုံ ဖြစ်ပေါ်မှုဟာ အလွန်ရှုပ်ထွေးပြီး နက်နဲတဲ့ အယူအဆဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ လူများ၊ အဖွဲ့အစည်းများ ၊ကုမ္ပဏီများနဲ့ အစိုးရများတို့ အချင်းချင်း အပြန်အလှန် ဆက်ဆံလုပ်ဆောင်မှုများ တိုးပွားလာခြင်းဖြင့် ထွက်ပေါ်လာခဲ့တဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ နည်းပညာပြောင်းလဲမှု အစဉ်များကိုရည်ညွှန်းပါတယ်။ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုကြောင့် နိုင်ငံတော်ရဲ့ အခိုပ္ပါယ်ကိုတောင် ပြန်လည်သတ်မှတ်ပေးရတော့မလို ဖြစ်နေပါတယ်။ အစိုးရဟာ ပြည်သူလူထုအတွက် ကုန်ပစ္စည်းများ နဲ့ ဝန်ဆောင်မှုများ ထုတ်လုပ်ပေးသူ နဲ့ စီမံခန့်ခွဲပေးသူ အဖြစ်ကနေ မဟာဗျူဟာမြောက် စီမံကိန်းများရေးဆွဲသူအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းများနဲ့ လူတစ်ဦးချင်းစီရဲ့ လုပ်ဆောင်မှုများကို ယှဉ်ပြိုင်ကွင်းအတွင်းမှာ ကိုယ်တိုင်ဝင်ရောက် စီမံခန့်ခွဲပေးခြင်းထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေသို့ ရောက်ရှိစေဖို့သာ ဖန်တီးပေးရပါတယ်။ ပြည်တွင်းနဲ့ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အခွင့်အရေးပေးတဲ့ စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ် ထူထောင်ပေးခြင်းဖြင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေးခိုင်မာမှုနဲ့ စီးပွားရေးကြွယ်ဝချမ်းသာမှုတို့ ဖြစ်စေဖို့ဖန်တီးပေးရပါတယ်။ တစ်ချိန်တည်းမှာပဲ အစိုးရဟာ မိမိနိုင်ငံနဲ့ လူမျိုးတို့ ရဲ့ စံထားမှုများ၊ တန်ဖိုးထားမှုများ၊ ထုံးတမ်းဥပဒေ စည်းမျဉ်းစည်းကမ်းများနဲ့ အမျိုးသားရေး လက္ခဏာ အစရှိတဲ့ အပျော့ထည်များကိုလည်း စောင့်ရှောက်ထိန်းသိမ်းရပါတယ်။ အဲဒီလို ပြည့်စုံကောင်းမွန်တဲ့ အစိုးရတစ်ရပ်ဖြစ် ပေါ်လာစေဖို့ **"ယုံကြည်စိတ်ချရသော ယဉ်ကျေးမှု "** ရှိနေဖို့ လိုအပ်ပါတယ်။ အဲဒီ ယုံကြည်စိတ်ချရသော ယဉ်ကျေးမှုဆိုတာဟာ နိုင်ငံရေးအရ အဆုံးအဖြတ်ပြုရတဲ့ လုပ်ငန်းစဉ်တိုင်းမှာ ပြည်သူလူထု တစ်ဦးချင်းစီက အနည်းနဲ့အများဆိုသလို ပါဝင်နိုင်ခွင့် အလားအလာ ရှိတယ်လို့ သိမြင်ခံစားနိုင်ကြခြင်းကို ဆိုလိုပါတယ်။ ဒီနည်းနဲ့ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဟာ ယုံကြည်စိတ်ချရသော ယဉ်ကျေးမှုရဲ့ အကျိုးဆက်တရား တစ်ခုဖြစ်လာရပါတယ်။

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မှာ လူမှုရေးအရဖြစ်ဖြစ်၊ နိုင်ငံရေးအရဖြစ်ဖြစ် ၊ ယုံကြည်စိတ်ချရမှုဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်နဲ့ ယုံကြည်စိတ်ချရမှုတို့ဟာ အပြန်အလှန် အကျိုးပြုမှုလည်းရှိပါတယ်။ ယုံကြည်စိတ်ချရမှုဟာ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ကို ပေါက်ဖွားစေသလို ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ကြောင့်လည်း ယုံကြည်စိတ်ချရမှုကို ဖြစ်စေပါတယ်။

အစိုးရအဖွဲ့ဝင်များနဲ့တကွ နိုင်ငံရေးအရ တာဝန်ရှိသူများအပေါ် ပြည်သူလူထု၏ ယုံကြည်စိတ်ချရမှု မြင့်မားစွာတည်ရှိနေခြင်းဟာ လူနည်းစုဝင်များနဲ့ လူမှုစီးပွားရေး အခင်းအကျင်းမှာ

အခွင့်အရေး ရသင့်သလောက် မရကြသေးသူများ အပါအဝင် ပြည်သူလူထု တစ်ရပ်လုံးအတွက် အကျိုးကျေးဇူး များစွာ ရရှိစေပါတယ်။ ယုံကြည်စိတ်ချရမှု နဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးအကြားမှာ အဓိကလိုအပ်တဲ့ ကြောင်းကျိုးဆက် ယန္တရားသုံးခု ရှိပါတယ်။ အဲဒါတွေကတော့ ပြည်သူလူထု၏ လူမှုရေး ကြောင်းကျိုးဆက်ယန္တရား၊ စီးပွားရေးစွမ်းဆောင်ရည် ကြောင်းကျိုးဆက်ယန္တရား နဲ့ နိုင်ငံရေးတရားဝင်မှု ကြောင်းကျိုးဆက်ယန္တရားတို့ဖြစ်ပါတယ်။ ယုံကြည်စိတ်ချရမှုနဲ့ကောင်းမွန်သော အုပ်ချုပ်ရေးတို့အကြားမှာ အဲဒီကွင်းဆက်သုံးခုဟာ လုံးဝချွင်းချန်ထားလို့ မရနိုင်သလို အဲဒီ ကွင်းဆက် သုံးခုကို အသုံးမပြုဘဲနေလျှင်လည်း အလွန်တရာရှုပ် ထွေးခက်ခဲတဲ့ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု သဘောတရားရဲ့ အရှုပ်အထွေးတွေကို ဘယ်တော့မှရှင်းလင်းလွယ်ကူ အောင်ပြုလုပ်နိုင်မှာ မဟုတ် ပါဘူး။

**လူထု၏လူမှုရေးကွင်းဆက်**

ကောင်းမွန်သောအုပ်ချုပ်ရေးဟာ ယုံကြည်စိတ်ချရမှုကို ပေါက်ဖွားစေတာမှန်သလို **ယုံကြည်စိတ်ချရမှုဟာလည်း ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့ ရှေးဦး လိုအပ်ချက် ဖြစ်နေတာကို မမေ့သင့်ပါ။** ဒီမိုကရေစီအုပ်ချုပ်ရေးဟာ ယုံကြည်စိတ်ချရမှု အနည်းအကျဉ်းမျှသာရှိတဲ့ လူ့အဖွဲ့အစည်းကို လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ဆောင်နိုင်ပါဘူး။ အဲဒီအဖွဲ့အစည်းများရဲ့ အဓိပ္ပါယ်ပြည့်ဝတဲ့ လှုပ်ရှားဆောင်ရွက်မှုများမှာပါဝင်ဖို့ လူတို့ကယုံကြည်စိတ်ချမှု မရှိကြပါဘူး။ အဲဒီ အခြေအနေကြောင့် အစိုးရနဲ့ ပြည်သူ့ကိုယ်စားလှယ်များအပေါ်မှာ နိုင်ငံရေးတရားဝင်မှု လျော့နည်းနေစေပါတယ်။ ဒ့ါအပြင် ကောင်းမွန်တဲ့အုပ်ချုပ်ရေးအတွက် ပြည်သူလူထုရဲ့ပါဝင်မှုဟာလည်း အကျင့်ပျက်ခြစားမှုတွေကြောင့် အလွယ်တကူ ပျက်စီးဆုံးရှုံးသွားစေနိုင်ပါသေးတယ်။

လူထု၏ လူမှုရေးကွင်းဆက်မှာ ယုံကြည်စိတ်ချရမှု တိုးတက်စေတဲ့ ခေတ်သစ်တီထွင်မှု နည်းလမ်းတစ်ခုဟာ အီလက်ထရွန်းနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်တဲ့ အစိုးရစနစ်(e-government) ဖြစ်ပါတယ်။ ကွန်ပျူတာ အခြေခံ အပြန်အလှန်ဆက်သွယ်ခြင်းဟာ နိုင်ငံသားတိုင်းရဲ့ ကွဲပြားခြားနားတဲ့ အမြင်တွေကိုထုတ်ဖော်ခွင့်နဲ့ နားထောင်လက်ခံခွင့် ရရှိစေပါတယ်။ တိုးတက်လာတဲ့ နည်းပညာ လက်သုံးကိရိယာတွေဟာ နိုင်ငံသားများကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း၊ အချင်းချင်း အပြန်အလှန် ဆက်သွယ်ခြင်း၊ မျှဝေခြင်းပြုနိုင်ကြပါတယ်။ ဒ့ါအပြင် နိုင်ငံသားတိုင်းဟာ သူတို့ရဲ့ နိုင်ငံရေး ကိုယ်စားလှယ်တွေကို ပိုမိုလွယ်ကူစွာ ထိတွေ့နိုင်ပြီး သူတို့ရဲ့လှုပ်ရှားမှုနဲ့ လုပ်ရပ်တွေအပေါ် တာဝန်ယူမှုကို ပိုရှိစေပါတယ်။ အီလက်ထရွန်းနစ်နည်းဖြင့် လုပ်ငန်းများ ဆောင်ရွက်တဲ့ အစိုးရစနစ်မှာ အစိုးရရုံးများဟာ သူတို့ရဲ့ လုပ်ဆောင်ချက် အသေးစိတ်တွေကို အင်တာနက်မှ တဆင့်ပုံမှန်ထုတ်ပြန် ကြေညာနိုင်ပါတယ်။ ဒီနည်းနဲ့ အစိုးရရဲ့ ထင်သာမြင်သာရှိမှု နဲ့ တာဝန်ခံမှုကိုလည်း တိုးတက်ကောင်းမွန် လာစေနိုင်ပါတယ်။ အီလက်ထရွန်းနစ်နည်းဖြင့် ပါဝင်ဆောင်ရွက်ခြင်း၊ အီလက်ထရွန်းနစ် အုပ်ချုပ်ရေးတို့ဟာ အုပ်စိုးသူနဲ့ အုပ်စိုးခံတို့အကြား သတင်း

မညီမမျှ ဖြစ်ပေါ်မှုကို လျော့နည်းစေတာ သာမက ပိုပြီးများပြားတဲ့ နိုင်ငံသားများရဲ့ ပါဝင်မှုကို ဖိတ်ခေါ်နိုင်ပါတယ်။ သူတို့က နိုင်ငံရဲ့ အရေးကိစ္စများကို သတိဖြင့်စောင့်ကြည့်ခြင်းများ အထိ ဆောင်ရွက်နိုင်ကြပါတယ်။

**စီးပွားရေးစွမ်းဆောင်ရည်ကွင်းဆက်**

ကောင်းမွန်တဲ့ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ခြင်းမှ လူမှုရေးနဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု တိုးတက်စေခြင်းဟာ ကောင်းမွန်ပြီး ထိရောက်တဲ့ အုပ်ချုပ်ရေးအတွက် အလွန် အရေးကြီးပါတယ်။ ပြည့်စုံတဲ့နိုင်ငံတစ်ခု ဖြစ်လာစေဖို့ ပွင့်လင်းပြီးထိရောက်မှုရှိတဲ့ ယှဉ်ပြိုင် နိုင်သော ဈေးကွက်များ ဖော်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ယုံကြည်စိတ်ချရမှု တည်ဆောက်ရာ မှာ အချိန်ယူရသလို စီးပွားရေး ယှဉ်ပြိုင်နိုင်စွမ်းရရှိဖို့ အခြေခံအဆောက်အအုံများ တည်ဆောက်ရာ မှာလည်း အချိန်ယူရပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေးအတွက် လိုအပ်တဲ့ အခြေအနေ တစ်ရပ်ဖြစ်ပေမဲ့လည်း တစ်ခုတည်းသော လုံလောက်တဲ့ အကြောင်းအရာ တော့ မဟုတ်ပါဘူး။ ကောင်းမွန်တဲ့ စီးပွားရေးမူဝါဒ အကောင်အထည်ဖော်ခြင်းဟာ တိုတောင်းတဲ့ အချိန်ကာလ တစ်ခုထဲမှာသာ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။ နောက်ပိုင်းမှာ ပြည်သူလူထုဟာ မျှတသော လူမှုရေးအသိုက်အဝန်း၊ တာဝန်ခံသော အလုပ်ဌာနများ အစရှိတဲ့ နိုင်ငံရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက်တောင်းဆို လာကြမှာဖြစ်ပါ တယ်။ တကယ်လို့သာ စီးပွားရေး မူဝါဒချို့ယွင်းခဲ့ပြီး စီးပွားရေးဖိစီးမှုများ ပိုမိုတိုးပွားလာခဲ့လျှင် ညံ့ဖျင်းတဲ့ အုပ်ချုပ်ရေးဟာ  သေချာပေါက်၊ ပေါက်ဖွားလာတော့မှာ ဖြစ်ပါတယ်။ အလားတူ ညံ့ဖျင်းတဲ့ အုပ်ချုပ်ရေးစနစ်ဖြင့် အလုပ်လုပ်နေခဲ့လျှင် စီးပွားရေးဖိစီးမှုဟာလည်း ရှောင်လွှဲ၍ မရနိုင်တော့ပါ။

ပြည်စုံတဲ့ နိုင်ငံတစ်ခုမှာ နိုင်ငံရေးနဲ့လူမှုရေးယုံကြည်စိတ်ချရမှုနဲ့ စီးပွားရေး စွမ်းဆောင်ရည် တိုးတက်လာစေဖို့ အကောင်အထည်ဖော်ရမဲ့ နည်းလမ်းက တစ်ခုတည်းသာရှိပါတယ်။ အဲဒီ နည်းလမ်းဟာ အဆင်းရဲဆုံးနဲ့ ကျွမ်းကျင်မှုမရှိတဲ့ လူများအပေါ် ပန်းတိုင်ထားပြီး ဘေးကင်း လုံခြုံအောင် စောင့်ရှောက်ပေးရေး အစီအစဉ်များနဲ့ လူမှုရေး အကာအကွယ်ပေးမှု အစီအစဉ်များ ကို ချမှတ်ဆောင်ရွက်ပေးရန်ပဲဖြစ်ပါတယ်။ စီးပွားရေးအရ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုဟာ အောက်ခြေ လူတန်းစားများပါဝင်တဲ့ ပြည်သူလူထု၏ ကာကွယ်စောင့်ရှောက်မှုများနဲ့ သက်သာ ချောင်ချိရေး အတွက် သဘာဝအလျှောက် အားဖြည့်ပေးသည်  သို့မဟုတ် ပျက်စီးစေသည် ဆိုတဲ့အချက်ကိုတော့ ပညာရှင်များက ယနေ့တိုင် အငြင်းပွားနေကြဆဲ ဖြစ်ပါတယ်။

**နိုင်ငံရေးတရားဝင်မှုကွင်းဆက်**

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးသို့ရှေးရှုပြီး နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာမှာ နိုင်ငံရေးတရားဝင်မှု ကွင်းဆက်ဟာ အလွန်အရေးပါ အရာရောက်ပါတယ်။ တရားဝင်ခြင်းဆိုတာဟာ ပြည်သူလူထုက အုပ်ချုပ်နေတဲ့ အစိုးရအပေါ် ခိုင်မာစေလိုတဲ့ လိုလားချက်က အဓိကဖြစ်ပါတယ်။ ပြည်သူလူထုက အစိုးရတစ်ရပ်သည် မှန်ကန်စွာရပ်တည်မှုရှိပြီး အခွင့်အာဏာကိုမှန်ကန်စွာ ကျင့်သုံးမှုရှိတယ်လို့ထင်လျှင် အစိုးရသည် နိုင်ငံရေးအရ တရားဝင်မှုရှိစေပါတယ်။ တရားဝင်မှုအတွက် အဓိက အဆုံးအဖြတ်ပေးတဲ့အချက်များဟာ လူမှုရေးယုံကြည်စိတ်ချရမှု၊ စီးပွားရေးထိရောက်မှု နဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးတည်ရှိမှုတို့ပင်ဖြစ်ပါတယ်။

နိုင်ငံရေးတရားဝင်မှု ရရှိစေဖို့အတွက် ယုံကြည်စိတ်ချရမှုကိုမြှင့်တင်ရာမှာ လူမှုအဖွဲ့အစည်းများကို အစိုးရနဲ့ပိုပြီးနီးကပ် လာစေရပါတယ်။ အစိုးရကလည်း သူတို့နဲ့ပိုပြီး နီးကပ်အောင်ပြုရပါတယ်။ ဒီနေရာမှာ ဒေသန္တရအုပ်ချုပ်ရေး နဲ့ လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်းတို့ဟာ အကောင်းဆုံး လက်သုံးကိရိယာများ ဖြစ်ကြပါတယ်။ ဒေသန္တရအုပ်ချုပ်ရေးကိစ္စများမှာ ကျောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်း အမှုဆောင်များအစရှိတဲ့ ဇက်ကြိုးကိုင်နိုင်သူ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒေသန္တရအစိုးရများကို အာဏာအပ်နှင်းပေးခြင်းနဲ့ အုပ်ချုပ်မှု အခွင့်အာဏာကို ခွဲဝေပေးနိုင်ဖို့ ပြန်လည်ဖွဲ့စည်းခြင်းတို့ဟာ အုပ်စိုးသူနဲ့ အုပ်စိုးခံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ပေါ်လာစေပါတယ်။

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ပုံမှန်ပြုလုပ်ပေးခြင်းမရှိလျှင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် အကြောင်းပြောလို့မဖြစ်ပါဘူး။ အုပ်ချုပ်ရေးအပိုင်းရဲ့ လစ်လျူရှုမှုကြောင့် ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ပြည်သူ့ကိုယ်စားလှယ်များက အဓိပ္ပါယ်ရှိစွာ လုပ်ဆောင်နိုင်မှု မရှိခြင်း သို့မဟုတ် အုပ်ချုပ်ရေးအပိုင်း၏ မူဝါဒချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ထပ်ကာတလဲလဲ ပိတ်ပင်ခံနေရခြင်းများရှိလျှင် အဲဒီနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်ကို ကြီမ်းသေ နှောင့်နှေးစေမှာဖြစ်ပါတယ်။ လွှတ်တော်နဲ့အစိုးရတို့ရဲ့ သဟဇာတမျှတတဲ့ ပူးပေါင်းဆောင်ရွက်မှုသည်သာ ပြည်သူလူထုရဲ့ အမြင်မှာထိရောက်မှုနဲ့ တရားဝင်မှုရှိတာ ဖြစ်တဲ့အတွက်ကြောင့် ယုံကြည်စိတ်ချမှု တည်ဆောက်ရေးအတွက် အဲဒီလို ပူးပေါင်းဆောင်ရွက်မှုဟာ မရှိမဖြစ်လိုအပ်ပါတယ်။

လွတ်လပ်တဲ့ တရားစီရင်ရေးကလည်း လူမှုအဖွဲ့အစည်းတွေမှာ ယုံကြည်စိတ်ချရမှု အတွက် မဏ္ဍိုင်တစ်ရပ်ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးရဲ့ အခြေခံတိုးတက်ကောင်းမွန်ဖို့ အဓိက လိုအပ်တဲ့အချက်ဟာ တည်ဆဲဥပဒေများကို တရားစီရင်ရေးအပိုင်းက အုပ်ထိန်းသူသဖွယ် ကောင်းစွာစောင့်ထိန်းထားဖို့ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် တည်ငြိမ်သောဥပဒေများရဲ့ ကျောထောက်နောက်ခံရှိရမှာ ဖြစ်ပါတယ်။ လိုလျှင်လိုသလို သုံးစွဲနိုင်တဲ့ အခွင့်အာဏာကိုလည်း ကောင်းစွာတားဆီးနိုင်မှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးခြင်း၊ လွတ်လပ်သောတရားစီရင်မှုရှိခြင်း၊ လွတ်လပ်မျှတ၍ ပုံမှန်ပြုလုပ်သောရွေးကောက်ပွဲရှိခြင်း၊ တရားဝင်သော လွှတ်တော်လုပ်ငန်းစဉ်ရှိခြင်း၊ ကြံ့ခိုင်သောလူမှုအဖွဲ့အစည်းများရှိခြင်း၊ အကျင့်ပျက်ခြစားခြင်း နဲ့ အကျင့်ပျက်ခြစားသော အသွင်သဏ္ဍာန်ပေါ်ပေါက်မှုမှန်သမျှ တိုက်ဖျက်ခြင်း၊ လက်အောက်သို့ အာဏာဖြန့်ခွဲခြင်းနဲ့ အီလက်ထရွန်းနစ်နည်းဖြင့် လုပ်ငန်းများဆောင်ရွက်သော အစိုးရစနစ်ရှိခြင်းတို့ဟာ နိုင်ငံရေးစနစ်တစ်ခုလုံးတွင် ထင်သာမြင်သာရှိခြင်းနဲ့ တာဝန်ခံမှုရှိခြင်းတို့ကို မြှင့်တင်ပေးနိုင်ပါတယ်။ ထင်သာမြင်သာရှိခြင်းနဲ့ တာဝန်ခံမှုရှိခြင်းတို့ဟာ ယုံကြည်စိတ်ချရမှု ရရှိဖို့အတွက်နဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဖြစ်ပေါ်ဖို့အတွက် ကြိုတင်လိုအပ်တဲ့ အမာခံအုတ်မြစ်များပဲ ဖြစ်ကြပါတယ်။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)